# ယုံကြည်အပ်နှံမှုဆိုင်ရာ အမှားအယွင်းဖြစ်နိုင်ခြေ နှင့် မမှန်မကန် ဆောင်ရွက်မှုများအတွက် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ၏ မူဝါဒ

သတ္တမ အကြိမ်မြောက် ပြန်လည်ပြင်ဆင်သတ်မှတ်ထားသည့်မူ၊ ၂၀၂၄ ခုနှစ် မေလ

## ၁။ ရည်ရွယ်ချက်

ဤစာတမ်းသည် မမှန်မကန်ဆောင်ရွက်သည်ဟု သံသယရှိပါက တိုင်တန်းခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းတို့ ဆောင်ရွက်နိုင်မည့် လုပ်ထုံးလုပ်နည်းများ အပါအဝင် ငွေရေးကြေးရေးဆိုင်ရာ အမှားအယွင်း ဖြစ်နိုင်ခြေ (financial risk) နှင့် မမှန်မကန်ပြုခြင်း/အလွဲအသုံးစားပြုခြင်းများအတွက် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာ ဖူလုံမှု ရန်ပုံငွေ (Livelihoods and Food Securirty Fund, LIFT) ၏ မူဝါဒ နှင့် လုပ်ထုံးလုပ်နည်းများ ကို ရှင်းလင်းပြတ်သားစွာ ဖော်ပြပေးရန် ရည်ရွယ်ပါသည်။ UNOPS သည် LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး (ယခုမှစ၍ "ရန်ပုံငွေ တာဝန်ခံ" ဟု သုံးနှုန်းပါမည်) အား ပံ့ပိုးပေးပြီး LIFT ၏ ဘဏ္ဍာရေးဆိုင်ရာ ရင်းမြစ်များအား ယုံကြည်အပ်နှံခြင်း ခံရသည့် အဖွဲ့ အဖြစ် တာဝန် ထမ်းဆောင်ပါသည်။ UNOPS ၏ တာဝန်များတွင် LIFT ၏ အလှူရှင် အဖွဲ့များ နှင့် ချုပ်ဆိုထားသည့် ရန်ပုံငွေ ပံ့ပိုးထည့်ဝင်ခြင်းဆိုင်ရာ သဘောတူစာချုပ်များနှင့်အညီ ရန်ပုံငွေ ပေးအပ်သည့် ကိစ္စရပ်များ သာမက LIFT နှင့် ဆက်နွယ်နေသည့် ငွေကြေး နှင့် လုပ်ငန်း လည်ပတ်မှု ဆိုင်ရာ ကိစ္စရပ်များ အားလုံးနှင့် စပ်လျဉ်း၍ အစီရင်ခံခြင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်ကွပ်ကဲခြင်း နှင့် အခြား လုပ်ငန်းတာဝန်များအား ကျေပွန်အောင် ထမ်းဆောင်ခြင်း တို့ ပါဝင်ပါသည်။

## ၂။ အကြောင်းအရာ

UNOPS / LIFT သည် စုပေါင်း ထည့်ဝင်ထားသော ရန်ပုံငွေများ လည်ပတ်ဆောင်ရွက်ရာတွင် ငွေကြေးဆိုင်ရာ အမှားအယွင်းဖြစ်နိုင်ခြေ နှင့် မမှန်မကန်ဆောင်ရွက်မှု တို့အတွက် စံသတ်မှတ်ထားသည့် မူဝါဒ တစ်ရပ် အား သဘောတူလက်ခံထားရန် လိုအပ်ပါသည်။ LIFT ၏ ရန်ပုံငွေ ခွဲဝေသတ်မှတ်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များအား ရန်ပုံငွေဘုတ်အဖွဲ့မှ ချမှတ်ပြီး UNOPS / LIFT နှင့် အခြား အဖွဲ့အစည်းများအကြား ရန်ပုံငွေထောက်ပံ့မှုနှင့် ပဋိညာဉ်စာချုပ်များ အဖြစ် ဖော်ဆောင်ကြရာတွင် UNOPS မှ ပြဋ္ဌာန်းထားသည့် မမှန်မကန်ဆောင်ရွက်မှုနှင့် ငွေကြေး အလွဲသုံးစားမှုများ ဖြေရှင်းဆောင်ရွက်ခြင်း ဆိုင်ရာ မူဝါဒ[1] အပေါ်တွင် အခြေခံ၍ ဆောင်ရွက်ပါသည်။ UNOPS ၏ အဆိုပါ မူဝါဒသည် အကျယ်တဝင့် ရေးဆွဲထားသည့် အမှားအယွင်း ဖြစ်နိုင်ခြေ စီမံခန့်ခွဲမှု မူဘောင်၏ တစိတ်တဒေသ ဖြစ်ပါသည်။ ယင်းမူဘောင်တွင် ကဏ္ဍအလိုက်၊ အဆင့်အလိုက် ငွေရေးကြေးရေးဆိုင်ရာ အမှားအယွင်း ဖြစ်နိုင်ခြေ နှင့် အလွဲသုံးစားမှုများအား မည်သို့ ကိုယ်တွယ်ဖြေရှင်းမည်ကို ဖော်ပြထားပါသည်။ ၎င်းကဏ္ဍများတွင် ဝယ်ယူရေး၊ ဝန်ထမ်းရေးရာ၊ ငွေကြေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ နှင့် လုပ်ထုံးလုပ်နည်းများ၊ ငွေကြေးဆိုင်ရာ ထုတ်ပြန်ကြေညာချက်များ၊ တာဝန်ခံမှု နှင့် ကြီးကြပ်မှု၊ ဌာနတွင်း ထိန်းချုပ်မှု၊ ဌာနတွင်း စာရင်းစစ်ခြင်း နှင့် စုံစမ်းစစ်ဆေးခြင်း စသည်တို့ ပါဝင်ပါသည်။

ကျိုးကြောင်းဆီလျော်၍ ဖြစ်နိုင်သည့် အနေအထားများတွင် LIFT အလှူရှင်များမှ ထပ်ဆောင်းတောင်းဆိုမှုများ ရှိလာပါက LIFT နှင့် သီးသန့်သက်ဆိုင်သည့် ကာကွယ်တားဆီးရေး အစီအမံများကို ထည့်သွင်း ဆောင်ရွက်မည် ဖြစ်ပါသည်။ အထူးသဖြင့် မမှန်မကန်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ စီမံချက် အကောင်ထည်ဖော်သည့် မိတ်ဖက်အဖွဲ့အစည်းများ၏ အစီရင်ခံ တင်ပြရမည့် တာဝန် ဝတ္တရားများတွင် ဖြစ်ပါသည်။

[1] ဖွဲ့စည်းပုံ ဆိုင်ရာ လမ်းညွှန် အမှတ် OI.ED.2018.01၊ မမှန်မကန် ဆောင်ရွက်မှု နှင့် ငွေကြေးအလွဲသုံးစားမှုကို ဖြေရှင်းဆောင်ရွက်ခြင်း ဆိုင်ရာ မူဝါဒ အပြည့်အစုံကို https://content.unops.org/documents/libraries/policies-2020/operational-directives-and-instructions/internal-audit-and-investigations-charter/en/OI.ED-Policy-to-Address-Fraud-and-Corruption.pdf တွင် ဖော်ပြထားပါသည်။

ထို့အပြင် LIFT အလှူရှင်များမှ ထပ်ဆောင်း လိုအပ်ချက်များ ရှိလာသည့် အခါ LIFT အတွက် သီးသန့်ရေးဆွဲထားသည့် ကာကွယ်တားဆီးရေးဆိုင်ရာ အစီအမံများတွင် ထည့်သွင်းဆောင်ရွက်ပါမည်။ အထူးသဖြင့် မမှန်မကန်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများမှ လုပ်ဆောင်ရမည့် အစီရင်ခံ တင်ပြမှုများတွင် ဖြစ်ပါသည်။

## ၃။ အဓိပ္ပါယ် ဖွင့်ဆိုချက်များ

UNOPS မှ ပြဋ္ဌာန်းထားသော မမှန်မကန် ဆောင်ရွက်မှုနှင့် ငွေကြေးအလွဲသုံးစားမှုတို့ ဖြေရှင်းဆောင်ရွက်ခြင်းဆိုင်ရာ မူဝါဒ ( မတ်လ ၁၅ ရက် ၂၀၁၈ ခုနှစ်) တွင် မမှန်မကန်ဆောင်ရွက်မှုအား "**အမျိုးသားတစ်ဦး (သို့) အမျိုးသမီးတစ်ဦး (သို့) အခြား တစ်စုံတစ်ဦး ထိခိုက်နစ်နာစေရန် အလို့ငှာ အမှန်တရားအား သိလျက်နှင့် မှားယွင်းစွာ တင်ပြခြင်း (သို့) အကြောင်းအခြင်းရာ အမှန်အား ဖုံးကွယ်ထားခြင်း**" ဟု အဓိပ္ပါယ် ဖွင့်ဆိုထားပါသည်။

UNOPS သည် ၎င်းအား ယုံကြည်အပ်နှင်းထားသည့် အများပြည်သူနှင့်ဆိုင်သည့် ရန်ပုံငွေများအား စီမံခန့်ခွဲပါသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့အနေဖြင့် ရိုးဖြောင့်မှန်ကန်ခြင်း နှင့် အရည်အချင်း ပြည့်ဝခြင်းတို့တွင် အမြင့်ဆုံး စံသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်ဖြစ်ပြီး ကျွန်ုပ်တို့နှင့် (သို့) ကျွန်ုပ်တို့အတွက် လက်တွဲ လုပ်ဆောင်ရန် ဆန္ဒရှိသော အဖွဲ့အစည်းများမှလည်း ထိုစံသတ်မှတ်ချက်များနှင့် ကိုက်ညီရန် လိုအပ်ပါသည်။ ကိုယ်ကျင့် သိက္ခာပိုင်း နှင့် အရည်အချင်းပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသောသူများနှင့် လုပ်ငန်း ဆောင်ရွက်လိမ့်မည် မဟုတ်ပါ။

UNOPS နှင့် တရားဝင် စာချုပ်ချုပ်ဆိုထားသည့် (သို့) UNOPS ရန်ပုံငွေ ထောက်ပံ့မှု ရရှိနေသည့် မိတ်ဖက်အဖွဲ့အစည်းများ/ ရန်ပုံငွေ ထောက်ပံ့မှု လက်ခံရရှိသည့် အဖွဲ့အစည်းများ၊ ရန်ပုံငွေထောက်ပံ့မှု တဆင့်ခံ ရရှိသည့် အဖွဲ့အစည်းများ၊ ကန်ထရိုက်တာများ၊ တဆင့်ခံ ကန်ထရိုက်တာများ အားလုံးအား "**ကုန်ပစ္စည်း(သို့)ဝန်ဆောင်မှု တင်သွင်းသူများ/တွဲဖက်လုပ်ကိုင်သူများ (vendors)**" ဟု UNOPS မှ ရည်ညွှန်း သုံးနှုန်းပါသည်။ အဆိုပါ တင်သွင်းသူများတွင် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs)၊ လူထု အခြေပြုအဖွဲ့အစည်းများ (CBOs) ၊ အရပ်ဘက် အဖွဲ့အစည်းများ (CSOs)၊ အစိုးရမဟုတ်သည့် ပြည်တွင်း အဖွဲ့အစည်းများ (LNGOs) များ၊ ကုမ္ပဏီများ နှင့် တစ်သီး ပုဂ္ဂလများအပြင် အခြားသော အမျိုးအစားများလည်း ပါဝင်နိုင်ပါသည်။

### ၃.၁။ မမှန်မကန် ဆောင်ရွက်မှု ပုံစံများ

| တွဲဖက် လုပ်ကိုင်သူများကို အရေးယူနိုင်သည့် မမှန်မကန်ဆောင်ရွက်မှုများ | **အကြောင်းအရာ** |
|---|---|
| လာဘ်ပေးလာဘ်ယူမှု | တစ်စုံတစ်ယောက်မှ အခြား တစ်ဦးတစ်ယောက်အား လွှမ်းမိုးနိုင်ရန် ရည်ရွယ်လျက် စွန့်ကြဲ၊ ပေးကမ်း (သို့) တန်ဖိုးရှိသည့်အရာကို လက်ခံခြင်းမျိုး ဖြစ်ပါသည်။ ဥပမာ- တန်စိုးလက်ဆောင် ပေးခြင်း၊ လာဘ်ထိုးခြင်း-<br>• အဖွဲ့အစည်းတစ်ခု (သို့) ကန်ထရိုက်တာတစ်ဦးသည် လေလံ အောင်စေရန်အတွက် တန်ဖိုးရှိသော ပစ္စည်းတစ်စုံတစ်ရာကို ပေးကမ်းခြင်း<br>• ယင်း တစ်စုံတစ်ရာသည် ငွေကြေး (သို့) အခြားအရာ ဥပမာ - မော်တော်ကား ဖြစ်နိုင်ပါသည်။ |

| | |
|---|---|
| မမှန်မကန် လုပ်ဆောင်မှု | အကျိုးအမြတ်အတွက် ရည်ရွယ်လျက် တစ်စုံတစ်ယောက်ကို ရည်ရွယ်ချက် ရှိရှိ လှည့်ဖျားခြင်း။ ဥပမာ-<br>• အဖွဲ့အစည်း (သို့) ကန်ထရိုက်တာ သည် ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများအား မမှန်မကန်ဖော်ပြခြင်း (သို့) ပိုင်ဆိုင်မှု အစစ်အမှန်အား ဖုံးကွယ်ထားခြင်းဖြင့် မှားယွင်းစွာ တင်ပြခြင်း<br>• အဖွဲ့အစည်း (သို့) ကန်ထရိုက်တာသည် ကုန်ကျငွေများကို သက်သေပြရန်အတွက် ငွေလက်ခံ ဖြတ်ပိုင်း အတု များ တင်သွင်းခြင်း<br>• အဖွဲ့အစည်း (သို့) ကန်ထရိုက်တာသည် ယခင် အတွေ့အကြုံရှိသည်ဟု လိမ်လည်ဖော်ပြခြင်း<br>• အဖွဲ့အစည်း (သို့) ကန်ထရိုက်တာသည် အထောက်အထား စာရွက်စာတမ်းများ ပြောင်းလဲခြင်း (သို့) အတုအပ ပြုလုပ်ခြင်း |
| အကြပ်ကိုင်ခြင်း | တစ်စုံတစ်ယောက်သည် မလျော်ကန်သည့် သြဇာသက်ရောက်စေရန်အတွက် အခြား အဖွဲ့တစ်ဖွဲ့ (သို့) ယင်းအဖွဲ့၏ ပိုင်ဆိုင်မှုကို ထိခိုက်စေခြင်း (သို့) ထိခိုက်အောင်လုပ်မည်ဟု ခြိမ်းခြောက်ခြင်း။ ဥပမာ-<br>• အကယ်၍ လေလံအအောင် မပေးပါက တစ်စုံတစ်ယောက်၏ မိသားစုအား ထိခိုက်အောင်လုပ်မည်ဟု ခြိမ်းခြောက်ခြင်း |
| ကြိုတင် ကြံစည် ညှိနှိုင်းထားခြင်း | အပြိုင်အဆိုင် ကြိုးစားရမည့် အစား အဖွဲ့နှစ်ဖွဲ့ကြား (သို့) ယင်းထက်ပိုသော အဖွဲ့များကြား လျှို့ဝှက် သဘောတူညီထား၍ လိမ်လည်လှည့်ဖျားခြင်း (သို့) မမှန်မကန် ဆောင်ရွက်ခြင်း။ ဥပမာ-<br>• အဖွဲ့အစည်းများ (သို့) ကန်ထရိုက်တာများ အကြား စျေးကွက်တစ်ခုအား ခွဲဝေရယူရန်အတွက် သဘောတူညီမှု ပြုထားခြင်း၊<br>• ထိုမှတဆင့် လျှို့ဝှက်စွာ ပူးပေါင်း ကြံစည်သည့် မိတ်ဖက် အဖွဲ့အစည်းများ အကြား သီးခြားလွတ်လပ်သည့် ဆက်ဆံရေး ရှိသယောင် မှားယွင်းစွာ တင်ပြခြင်း |
| ကျင့်ဝတ်သိက္ခာနှင့် မညီခြင်း | UNOPS ၏ လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်သည့် လုပ်ဆောင်မှုများ။ ဥပမာ-<br>• ပြီးစီးအောင်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်အချို့ လုပ်ဆောင်နိုင်ရန်အတွက် UNOPS နှင့် တဆင့်ခံ ချုပ်ဆိုထားသော (သို့) ချုပ်ဆိုရန် လုပ်ဆောင်နေသော အဖွဲ့အစည်းတစ်ခုထံမှ တန်ဖိုးရှိသော လက်ဆောင်ပစ္စည်း (သို့) ဝန်ဆောင်မှု တစ်ခုခုအား လက်ခံခြင်း<br>• UNOPS ၏ ရန်ပုံငွေထောက်ပံ့မှုများ (သို့) လုပ်ငန်းများတွင် လေလံတင်သွင်းသည့် အဖွဲ့အစည်း (သို့) ကန်ထရိုက်တာ နှင့် ပတ်သက်၍ သင် (သို့) သင့်မိသားစု၌ ငွေကြေးဆိုင်ရာ အကျိုးအမြတ် ပါဝင်နေခြင်း |
| ဟန့်တားပိတ်ပင်ခြင်း | စုံစမ်း စစ်ဆေးမှုတွင် ပူးပေါင်းပါဝင်ရန် ပျက်ကွက်ခြင်း (သို့) ဝင်ရောက်စွက်ဖက်ခြင်း။ ဥပမာ -<br>• ရုံးတွင်း စာရင်းစစ်နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ (Internal Audit and Investigations Group - IAIG) ၏ တွေ့ဆုံမေးမြန်းမှု (သို့) မှတ်တမ်းများ တင်ပြမှုအတွက် တောင်းဆိုမှုကို အကြောင်း မပြန်ခြင်း<br>• မေးခွန်းများကို မှန်မှန်ကန်ကန် မဖြေဆိုခြင်း<br>• စာရွက်စာတမ်းများအား ဖျက်ဆီးခြင်း |

| **ပြစ်မှုမြောက်သော လုပ်ဆောင်မှုများ** | **အကြောင်းအရာ** |
|---|---|

| | |
|---|---|
| လာဘ်ပေးလာဘ်ယူခြင်း | လုပ်ငန်း (သို့) ငွေပေးငွေယူခြင်း နှင့် ဆက်နွယ်သည့် ကိုယ်စားလှယ်အပေါ် လွှမ်းမိုးရန် (သို့) အကျိုးခံစားခွင့်ပေးရန် ရည်ရွယ်ချက်ဖြင့် တန်ဖိုးရှိသည့် အရာတစ်ခုခု ပေးရန် ကမ်းလှမ်းခြင်း (သို့) သဘောတူခြင်း |
| လျှို့ဝှက်ပူးပေါင်း ကြံစည်ခြင်း | တရားဥပဒေနှင့် မညီသော အလုပ်ကို လုပ်ဆောင်ရန် သဘောတူညီခြင်း - အဆိုပါ ဥပဒေနှင့် မညီသည့် အလုပ် အောင်မြင်စေရန်အတွက် နှစ်ဦး (သို့) နှစ်ဦးထက်ပိုသော လူများ အကြား အပြန်အလှန် နားလည်မှုထားခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း |
| ငွေကြေးခဝါချခြင်း | ပြစ်မှု ကျူးလွန်ပြီး ရရှိလာသည့် ငွေကြေးများအား လွှဲပြောင်းခြင်း (ပြစ်မှုမြောက်သော လုပ်ဆောင်မှုမှ ရရှိသည့် အကျိုးအမြတ်များအား ရယူခြင်း) |
| လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အနိုင်ထက်ပြုကျင့်ခြင်းအား ကာကွယ်တားဆီးခြင်း | ရန်ပုံငွေ စီမံခန့်ခွဲသည့်အဖွဲ့အစည်း နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့သည် ထိပါးနှောင့်ယှက်မှု၊ လိင်ပိုင်းဆိုင်ရာ ထိပါး နှောင့်ယှက်မှု (သို့) လုပ်ပိုင်ခွင့် အာဏာ အလွဲသုံးစားပြုမှု ဖြစ်စေနိုင်သည့် အပြုအမူမျိုး မပြုလုပ်ရန် (သို့) ထိုသို့သော အပြုအမူမျိုးအား ထောက်ထားသက်ညှာခြင်း မပြုရန် တာဝန်ရှိပါသည်။ |

**၃.၂။ မမှန်မကန် ဆောင်ရွက်ခြင်း၏ အကျိုးဆက်များ/အရေးယူမှုများ**
အဓိက အကျိုးဆက် (၄) ခုအား အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

(က) တွဲဖက်လုပ်ကိုင်မှု ရပ်ဆိုင်းခြင်း၊ ကန့်သတ်ပိတ်ပင်ခြင်း
(ခ) ပြစ်မှုထင်ရှားပါက ဥပဒေ အတိုင်း အရေးယူ ဆောင်ရွက်ခြင်း
(ဂ) ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးခြင်း
(ဃ) စီးပွားရေးပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးခြင်း

**(က) တွဲဖက်လုပ်ကိုင်မှု ရပ်ဆိုင်းခြင်း၊ ကန့်သတ်ပိတ်ပင်ခြင်း**
မမှန်မကန်လုပ်ဆောင်ကြောင်း (သို့) လက်ခံနိုင်ဖွယ်မရှိသော မလျော်ကန်သည့် အပြုအမူများ လုပ်ဆောင်ကြောင်း တွေ့ရှိရသည့် တွဲဖက်လုပ်ကိုင်သူများအား လုပ်ငန်း ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း နှင့်/သို့ UNOPS (သို့) အခြား ကုလသမဂ္ဂ အဖွဲ့အစည်းများမှ နောင်တွင် ချထားရန်ရှိသည့် ရန်ပုံငွေ ထောက်ပံ့မှုများအား လျှောက်ထား ရယူခွင့် ပိတ်သိမ်းခြင်း တို့ဖြင့် အရေးယူသွားမည် ဖြစ်ပါသည်။ တွဲဖက်လုပ်ကိုင်သူများအား တရားဝင် အရေးယူမှုများ မစတင်ခင် IAIG မှ စုံစမ်းစစ်ဆေးနေစဉ် ကာလအတွင်း UNOPS ၏ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ခွင့်ကို ယာယီ ဆိုင်းငံ့ထားမည် ဖြစ်ပါသည်။ လုပ်ငန်း ရုပ်သိမ်း အရေးယူမှုသည် လက်ရှိ ရရှိထားသည့် ထောက်ပံ့မှုအား အဆုံးသတ်စေမည် ဖြစ်ပါသည်။ တွဲဖက်လုပ်ကိုင်သူများအား UNOPSမှ ခေါ်ယူသော လုပ်ငန်းဆောင်ရွက်ခွင့် လေလံများတွင် တင်သွင်းခွင့် နှင့် UNOPS မှ ဆောင်ရွက်သည့် အခြားလုပ်ငန်းများတွင် ပါဝင်ခွင့်အား တရားဝင် တားမြစ်ပိတ်ပင်မည် ဖြစ်ပါသည်။ အရေးယူဒဏ်ခတ်ထားသည့် တွဲဖက်လုပ်ကိုင်သူများ စာရင်းကို UNOPS ၏ ဝက်ဘ်ဆိုဒ်[2]တွင် ဖော်ပြထားမည် ဖြစ်ပါသည်။

**(ခ) ပြစ်မှုထင်ရှားပါက ဥပဒေအတိုင်း အရေးယူ ဆောင်ရွက်ခြင်း**
ဥပဒေအရ အရေးယူမှုများတွင် ထောင်ချခြင်း၊ ဒဏ်ငွေတပ်ခြင်း၊ တရားမဝင် လုပ်ငန်းဆောင်ရွက်မှုမှ ရရှိသော ပိုင်ဆိုင်မှု ပစ္စည်းများ နှင့် အကျိုးအမြတ်များအားလုံးအား သိမ်းဆည်းခြင်းတို့ ပါဝင်ပါသည်။

**(ဂ) ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးခြင်း**

[2] ပိတ်ပင်ထားသည့် တွဲဖက်လုပ်ကိုင်သူများ စာရင်း https://www.unops.org/business-opportunities/vendor-sanctions

မမှန်မကန် ဆောင်ရွက်မှုတွင် ပါဝင်ပတ်သက်သည့် တွဲဖက်လုပ်ကိုင်သူများသည် အများအမြင်တွင် ၎င်းတို့၏ တရားဝင်ဖြစ်တည်မှု ဆုံးရှုံးမည် ဖြစ်ပါသည်။ မမှန်မကန်ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်သော အဖွဲ့အစည်းများ၊ ကန်ထရိုက်တာများသည် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးလာသည့်အတွက် ယုံကြည်မှုများ ဆုံးရှုံးခြင်း နှင့် ၎င်းတို့၏ ဝန်ဆောင်မှုများအား အသုံးမပြုကြတော့ခြင်းတို့ကို ရင်ဆိုင်ရမည် ဖြစ်ပါသည်။

**(ဃ) စီးပွားရေးပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးစေခြင်း**
မမှန်မကန် ဆောင်ရွက်ခြင်းကြောင့် အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများ၏ ဖွံ့စည်းမှုတစ်ခုလုံး ပျက်စီးဆုံးရှုံးနိုင်ပါသည်။ ရန်ပုံငွေများကို ကိုယ်ကျိုးအတွက် အသုံးချသည့် အဖွဲ့အစည်းများနှင့် ကုမ္ပဏီများသည် လက်တွဲ ဆောင်ရွက်လိုမည့် မိတ်ဖက်များ၊ စီးပွားဖက်များ ဆုံးရှုံးရခြင်း နှင့် အပြစ်မရှိသော ဝန်ထမ်းများ အလုပ်အကိုင် ဆုံးရှုံးစေခြင်းတို့ကို ကြုံတွေ့ရမည် ဖြစ်ပါသည်။

မမှန်မကန် ဆောင်ရွက်ခြင်း နှင့် လာဘ်ပေးလာဘ်ယူ ကိစ္စရပ်များတွင် ပါဝင်သူများ (သို့) စစ်ဆေးကြီးကြပ်ရန် ပေါ့လျော့ ပျက်ကွက်သူများအား စည်းမျဉ်းစည်းကမ်းများအရ အရေးယူခြင်း လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ ပျောက်ဆုံးသွားသော (သို့) အလွဲသုံးစားပြုထားသောငွေ အား ပြန်လည်မပေးအပ်နိုင်ပါက ရန်ပုံငွေ ဘုတ်အဖွဲ့အား ခိုင်လုံသော အချက်အလက် အထောက်အထား တင်ပြရမည် ဖြစ်ပြီး ထိုသို့ မတင်ပြနိုင်ပါက ဆုံးရှုံးသွားသည့် (သို့) မလျော်မကန် အသုံးပြုသည့် ရန်ပုံငွေများကို ပြန်လည်ရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုသို့ ပြန်လည်ရရှိအောင် ဆောင်ရွက်သည့် နည်းတူ မမှန်မကန် ဆောင်ရွက်မှုများ နှင့် လာဘ်ပေးလာဘ်ယူ ကိစ္စရပ်များအား စုံစမ်း စစ်ဆေး ကာကွယ်နိုင်မည့် အစီအစဉ်များကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် ပျက်ကွက်နေသေးသ၍ ထိုသူများအား နောက်ထပ် ရန်ပုံငွေ ပေးရန် ရှိပါက မပေးဘဲလည်း ထားမည် ဖြစ်ပါသည်။

UNOPS ဝန်ထမ်းများအနေဖြင့်လည်း ဝန်ထမ်းဆိုင်ရာ စည်းမျဉ်း ၁၀.၁ (ခ) နှင့် Operational Instruction Ref. OI.IAIG.2020.01, Investigations and Measures Relating to Misconduct Allegations Against UNOPS Personnel တို့တွင် ဖော်ပြထားသည်နှင့်အညီ ရန်ပုံငွေ စီမံခန့်ခွဲရာတွင် စည်းကမ်းဖောက်ဖျက်ခြင်း (မမှန်မကန် ပြုခြင်း၊ ခိုးယူခြင်း) (သို့) ဆိုးရွားသော ပေါ့လျော့မှု (သို့) မဆင်မခြင် ပြုခြင်း တို့ကြောင့် ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးမှု တစ်စုံတစ်ရာ ဖြစ်ခဲ့ပါက ၎င်းတို့ထံမှ ပြန်လည်ရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၄။ မမှန်မကန် ဆောင်ရွက်သည်ဟု သံသယရှိပါက ဆောင်ရွက်သွားမည့် လုပ်ထုံးလုပ်နည်းများ

### ၄.၁။ အစီရင်ခံ တင်ပြခြင်း
မမှန်မကန် ဆောင်ရွက်သည့် ကိစ္စတစ်စုံတစ်ရာအား တွေ့ရှိသည့် မည်သူမဆိုသည်  သက်ဆိုင်ရာသို့ ချက်ချင်း သတင်းပို့ရန် တာဝန်ရှိပါသည်။

- ရန်ပုံငွေ လက်ခံရှိသူများ၊ တဆင့်ခံ ရန်ပုံငွေ ရရှိသူများ၊ ကန်ထရိုက်တာများ၊ တဆင့်ခံ ကန်ထရိုက်တာများနှင့် ၎င်းတို့၏ ဝန်ထမ်းများ - ရန်ပုံငွေ သဘောတူညီမှုနှင့် ကန်ထရိုက်များအရ **မမှန်မကန် ဆောင်ရွက်သည်ဟု သံသယ ရှိပါက ရုံးဖွင့်ရက် (၅) ရက်အတွင်း အကြောင်းကြားရမည် ဖြစ်ပါသည်။**
- UNOPS ဝန်ထမ်းများ- ဖွဲ့စည်းပုံဆိုင်ရာ လမ်းညွှန်အမှတ် OI.ED.2018.01 အရ ဝန်ထမ်းအားလုံးသည် မမှန်မကန် ဆောင်ရွက်မှုကို တွေ့ရှိပါက သတင်းပို့ တင်ပြရန် တာဝန်ရှိပါသည်။

မည်သူမဆိုသည် မမှန်မကန် ဆောင်ရွက်မှုများ၊ အလွဲသုံးစားနှင့် လာဘ်ပေးလာဘ်ယူကိစ္စရပ်များအား သတင်းပို့ရန်အတွက် အောက်ဖော်ပြပါ လမ်းကြောင်းများ (ဥပမာ ဖုန်း၊ အီးမေးလ်၊ စာ) ဖြင့် တင်ပြနိုင်ပါသည်။

- LIFT ယာယီရန်ပုံငွေ ညွှန်ကြားရေးမှူး Simon Little ထံသို့ အီးမေးလ်ဖြင့် simonli@unops.org ၊ စာဖြင့် အမှတ် ၁၂(ဏ)၊ ပြည်သူ့လမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်သို့ လိပ်မူ၍ လည်းကောင်း
- အီးမေးလ်ဖြင့်  investigations@unops.org, သို့ လည်းကောင်း
- အွန်လိုင်းမှတဆင့် https://secure.ethicspoint.eu/domain/media/en/gui/105317/report.html သို့ လည်းကောင်း
- စာဖြင့် UNOPS/Internal Audit and Investigations Group, Marmovej 51, 2100 Copenhagen, Denmark တို့သို့ အသီးသီး ဆက်သွယ် သတင်းပို့ အကြောင်းကြားနိုင်ပါသည်။

တင်ပြသည့် အကြောင်းအရာနှင့် သတင်းပို့ အကြောင်းကြားသူနှင့် ထိတွေ့ဆက်သွယ်နိုင်မှုအပေါ် မူတည်၍ မမှန်မကန် ဆောင်ရွက်မှုအပေါ် မိမိတို့ အဖွဲ့အစည်းမှ ချမှတ်ထားသည့် မူဝါဒ (အကယ်၍ ရှိထားလျှင်) နှင့် အညီ ဆောင်ရွက်နိုင်ပါသည်။ ထို့အတွက် သင်တို့ အဖွဲ့အစည်းမှ သတ်မှတ်ထားပြီးဖြစ်သည့် လမ်းကြောင်းများ ဥပမာ ဌာနေကိုယ်စားလှယ် (သို့) အဖွဲ့အစည်းတွင်း စာရင်းစစ်အဖွဲ့ (သို့) စုံစမ်းစစ်ဆေးသူ တစ်ဦးဦးမှတဆင့် ရန်ပုံငွေ စီမံခန့်ခွဲသည့် အဖွဲ့အစည်းထံ သတင်းပို့ အကြောင်းကြားရမည် ဖြစ်ပါသည်။ သင့်အနေဖြင့် ထိုသို့သော သံသယရှိမှု/စုံစမ်းစစ်ဆေးမှုအား ရန်ပုံငွေ စီမံခန့်ခွဲသည့် အဖွဲ့အစည်းထံ ရုံးဖွင့်ရက် (၅) ရက်အတွင်း သတင်းပို့ တိုင်ကြားရန်လိုပါသည်။ သို့မှသာ ရန်ပုံငွေတာဝန်ခံမှ လိုအပ်သလို ပူးပေါင်း စုံစမ်းစစ်ဆေးမှုအား ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အသေးစိတ်အား [UNOPS Speak Up Portal] တွင် ဖတ်ရှုနိုင်ပါသည်။

## ၄.၂။ အစီရင်ခံတင်ပြမှုအတွက် လုပ်ငန်းစဉ်များ

မမှန်မကန် ဆောင်ရွက်မှုများအား အဆင့်မျိုးစုံတွင် တွေ့နိုင်ပါသည်-

- ရန်ပုံငွေတာဝန်ခံရုံးအတွင်း
- တိုက်ရိုက် တွဲဖက်လုပ်ကိုင်သူမှ ပါဝင် ပတ်သက်နေခြင်း
- ရန်ပုံငွေ တဆင့်ခံရရှိသူ/ တဆင့်ခံကန်ထရိုက်တာမှ ပါဝင်ပတ်သက်နေခြင်း နှင့်
- UNOPS/LIFT ၏ စာချုပ်ချုပ်ဆိုမှုများနှင့် သက်ဆိုင်ခြင်းမရှိသော်လည်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် စီမံခန့်ခွဲသည့် အဖွဲ့အစည်းအတွင်း ပါဝင်ပတ်သက်နေခြင်း

ဖော်ပြပါ အဆင့်အမျိုးမျိုးအလိုက် ပေါ်ပေါက်လာသည့် ကိစ္စရပ်များအား အောက်ဖော်ပြပါ နည်းလမ်းများဖြင့် အစီရင်ခံတင်ပြနိုင်ပါသည်-

**(က) ရန်ပုံငွေတာဝန်ခံရုံးအတွင်းတွင် မမှန်မကန်ဆောင်ရွက်နေသည်ဟု သံသယရှိခြင်း**
ရန်ပုံငွေတာဝန်ခံရုံးအတွင်း မမှန်မကန်မှုလုပ်ဆောင်နေမှုများ ပေါ်ပေါက်သည်ဟု သံသယရှိပါက UNOPS ၏ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းဆိုင်ရာ လမ်းညွှန် OI.IAIG.2020.01- Investigations and Measures Relating to Misconduct Allegations Against UNOPS Personnel (UNOPS ဝန်ထမ်းများ အကျင့်ပျက်ခြစားမှု စွပ်စွဲချက်များနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးမှု နှင့် အရေးယူမှုများ)[3] အရ သတင်းပို့ တိုင်ကြားရန် ဝန်ထမ်းများအားလုံးတွင် တာဝန်ရှိပါသည်။ မမှန်မကန်လုပ်ဆောင်သည်ဟု သံသယရှိပါက သက်ဆိုင်ရာ အထက်အရာရှိထံသို့ လည်းကောင်း၊ အထက်တွင် ဖော်ပြခဲ့သော လမ်းကြောင်းများဖြင့် IAIG သို့ တိုက်ရိုက်သော်လည်းကောင်း တိုင်ကြားနိုင်ပါသည်။

**(ခ) တိုက်ရိုက်တွဲဖက်လုပ်ကိုင်သူမှ ပါဝင်ပတ်သက်သည်ဟု သံသယရှိခြင်း**
စီမံချက် အကောင်အထည်ဖော်သည့် မိတ်ဖက်အဖွဲ့အစည်းများ နှင့် ကန်ထရိုက်တာများသည် မိမိတို့ရုံးတွင်းတွင် (ဥပမာ- စုံစမ်း စစ်ဆေးနေစဉ်အတွင်း) မမှန်မကန်ဆောင်ရွက်သည်ဟု သံသယရှိသည်နှင့် တပြိုင်နက် ရုံးဖွင့်ရက် (၅) ရက်အတွင်း ရန်ပုံငွေ တာဝန်ခံသို့ တိုက်ရိုက်ဖြစ်စေ၊ အပိုဒ်ခွဲ ၄.က တွင် ဖော်ပြထားသည့်လမ်းကြောင်းများဖြင့် ဖြစ်စေ အကြောင်းကြားရမည် ဖြစ်ပါသည်။ မမှန်မကန်ဆောင်ရွက်မှုများအတွက် အကြောင်းကြားခြင်း၊ အစီရင်ခံခြင်းသည် UNOPS/LIFT ၏ ရန်ပုံငွေ သဘောတူညီချက်များနှင့် စာချုပ်စာတမ်းများအရ မဖြစ်မနေ ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်လည်း ဖြစ်ပါသည်။

[3] OI.IAIG.2020.01 အသေးစိတ်ကို https://content.unops.org/documents/libraries/policies-2020/operational-directives-and-instructions/internal-audit-and-investig ations-charter/en/OI.IAIG-Misconduct-Allegations-Against-UNOPS-Personnel.pdf တွင်ဖတ်ရှုနိုင်ပါသည်။

ရန်ပုံငွေတာဝန်ခံရုံးအတွင်း မမှန်မကန်ဆောင်ရွက်မှုများ ထိန်းချုပ်ရန်အတွက် အဓိက ဆက်သွယ်ရမည့်သူဖြစ်သည့် ရန်ပုံငွေညွှန်ကြားရေးမှူးအနေဖြင့် အကြောင်းကြားပေးပို့လာသည့် မမှန်မကန် ဆောင်ရွက်မှုများအား စောင့်ကြည့်လေ့လာပြီး ဖြစ်ပေါ်တိုးတက်မှုများနှင့် အပြီးသတ် တွေ့ရှိချက်များအား ရန်ပုံငွေ တာဝန်ခံရုံး၏ မှတ်တမ်းများအဖြစ် မှတ်တမ်းတင် သိမ်းဆည်း ထားမည် ဖြစ်ပါသည်။

**(ဂ) ရန်ပုံငွေ တစ်ဆင့်ခံ ရရှိသူ (သို့) တစ်ဆင့်ခံ ကန်ထရိုက်တာမှ ပါဝင်ပတ်သက်သည်ဟု သံသယရှိခြင်း**
ရန်ပုံငွေ ထောက်ပံ့မှု ရရှိသူများ၊ ရန်ပုံငွေ ထောက်ပံ့မှု တဆင့်ခံ ရရှိသူများ/ ကန်ထရိုက်တာများ၊ တစ်ဆင့်ခံ ကန်ထရိုက်တာများနှင့် ၎င်းတို့၏ ဝန်ထမ်းများ အားလုံးသည် မိမိတို့ရုံးတွင်းတင် မမှန်မကန်ဆောင်ရွက်သည်ဟု သံသယရှိသည်နှင့် တပြိုင်နက် ယင်းကိစ္စရပ်များသည် ရန်ပုံငွေအဖွဲ့၏ ဘဏ္ဍာရေးပိုင်းဆိုင်ရာနှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ရပ်တည်ချက်အား ထိခိုက်နိုင်ခြေရှိပါက ရုံးဖွင့်ရက် (၅) ရက်အတွင်း ရန်ပုံငွေ တာဝန်ခံရုံးသို့ အမြန်ဆုံး အစီရင်ခံတင်ပြရန် တာဝန်ရှိပါသည်။

**(ဃ) သံသယရှိသည့် မမှန်မကန်ဆောင်ရွက်မှုသည် UNOPS/LIFT ၏ စာချုပ်ချုပ်ဆိုမှုများ နှင့် သက်ဆိုင်ခြင်း မရှိသော်လည်း ရန်ပုံငွေဖြင့် စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အဖွဲ့အစည်း အတွင်း ပါဝင်ပတ်သက်နေခြင်း**

ရန်ပုံငွေဘုတ်အဖွဲ့ဝင်များနှင့် ရန်ပုံငွေတာဝန်ခံသည် UNOPS/LIFT ၏ တွဲဖက် လုပ်ကိုင်သူများ (စီမံချက် အကောင်အထည်ဖော်သည့် မိတ်ဖက်အဖွဲ့အစည်းများ၊ ကန်ထရိုက်တာများ၊ တဆင့်ခံ ကန်ထရိုက်တာများ၊ ရန်ပုံငွေ ထောက်ပံ့မှု တဆင့်ခံ ရရှိသူများ၊ ၎င်းတို့၏ ဝန်ထမ်းများ) (သို့) ဆက်နွယ်နေသူများနှင့် ပတ်သက်၍ UNOPS/LIFT ပြင်ပတွင် ထင်ကြေးပေး ပြောဆိုနေမှုများ (မီဒီယာနှင့် လူထုအပါအဝင်) နှင့် စုံစမ်းစစ်ဆေးနေမှုများ ရှိပါက ယင်းကိစ္စရပ်နှင့် သက်ဆိုင်သော သတင်း အချက်အလက်များကို (ဥပမာ- စုံစမ်းဆက်သွယ် မေးမြန်းနိုင်သည့် လိပ်စာများ ပေးခြင်းနှင့် UNOPS ဝက်ဘ်ဆိုဒ် စာမျက်နှာများတွင် သတင်းတင်ပေးခြင်းတို့ဖြင့်) အသိပေး မျှဝေမည် ဖြစ်ပါသည်။ အဆိုပါ သတင်း အချက်အလက်များကိုလည်း ၎င်းတို့သည် UNOPS/LIFT ၏ ဘဏ္ဍာရေးဆိုင်ရာ (သို့) ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ရပ်တည်မှုအပေါ် ထိခိုက်နိုင်ခြင်း ရှိမရှိ နှင့် ၎င်းတို့မှ မိမိတို့ ရန်ပုံငွေ၏ စွန့်စားရနိုင်ခြေ လျော့နည်းစေရန် ချမှတ်ထားသည့် မူဘောင်အား ပိုမိုခိုင်မာအောင် ဆောင်ရွက်နိုင်မည့် သင်ခန်းစာများကို ဖော်ဆောင်နိုင်ခြင်း ရှိမရှိဆိုသည်ကို ပိုင်းဖြတ်နိုင်ရန်အတွက် ပြန်လည်သုံးသပ်သွားမည် ဖြစ်ပါသည်။

**(၅)စုံစမ်းစစ်ဆေးမှုများ**
UNOPS ၏ ရုံးတွင်း စာရင်းစစ်နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ (IAIG) သည် သံသယရှိသည့် မမှန်မကန်ဆောင်ရွက်မှုများအား တာဝန်ရှိသည့်အတိုင်း စုံစမ်းစစ်ဆေးမည် ဖြစ်ပါသည်။ တင်ပြလာသည့်အပေါ် ကနဦး စုံစမ်းမှုများကို IAIG ညွှန်ကြားရေးမှူးမှ လုပ်ဆောင်ပြီး ၎င်းမှ ပဏာမ စုံစမ်းစစ်ဆေးမှု ဆောင်ရွက်ရန် လိုမလို ဆုံးဖြတ်မည် ဖြစ်ပါသည်။ IAIG ၏ ပဏာမ စုံစမ်းစစ်ဆေးမှုများအပေါ် မူတည်ပြီး တရားဝင် စုံစမ်းစစ်ဆေးမှု ပြုမည် မပြုမည်ကိုလည်း IAIG ညွှန်ကြားရေးမှူးမှပင် ဆုံးဖြတ်မည် ဖြစ်ပါသည်။ ထို စုံစမ်းစစ်ဆေးမှုအားလုံးကို လျှို့ဝှက်လုံခြုံစွာ ဆောင်ရွက်မည် ဖြစ်ပြီး သက်သေ အထောက်အထား မရှိသော၊ ရှာမတွေ့သော စွပ်စွဲချက်များကိုမူ ပိတ်သိမ်းမည် ဖြစ်ပါသည်။

**(၆) မမှန်မကန်ဆောင်ရွက်မှုများအား ပိတ်သိမ်းခြင်း**
မမှန်မကန်ဆောင်ရွက်သည်ဟု သံသယရှိသော ကိစ္စရပ်များ အပေါ် စုံစမ်းစစ်ဆေးမှုများ၊ သင့်လျော်သော ဒဏ်ပေးမှုများ၊ ဆုံးရှုံးနစ်နာခဲ့သည့် ငွေကြေး/ပိုင်ဆိုင်မှုများ ပြန်လည်ရရှိခြင်းများ နှင့် မမှန်မကန်ဆောင်ရွက်မှုများကို ထိန်းချုပ်သည့် စနစ်၏ အားနည်းချက်များအား ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက အမှုပိတ်သိမ်းရန်အတွက် ရန်ပုံငွေ တာဝန်ခံမှ ညွှန်ကြားနိုင်သည်။ အဆိုပါ ရလဒ်များ မရရှိခဲ့ပါက သက်ဆိုင်ရာအဖွဲ့အစည်းအနေဖြင့် ၎င်းတို့ဘက်မှ အတတ်နိုင်ဆုံး ကြိုးစားခဲ့ကြောင်း သက်သေအထောက်အထားများပေးရန် ရန်ပုံငွေ တာဝန်ခံအား တောင်းဆိုခြင်း ခံရနိုင်ပါသည်။ သို့တည်း မဟုတ် မမှန်မကန် ဆောင်ရွက်မှု မရှိခဲ့ကြောင်း ပေါ်ပေါက်ပါကလည်း အမှုကို ပိတ်သိမ်း မည်ဖြစ်ပါသည်။

**(၇) မမှန်မကန် ဆောင်ရွက်ခြင်းမှ ကာကွယ်ခြင်း**

UNOPS/LIFT မှ ရန်ပုံငွေ ထောက်ပံ့မှု လက်ခံရရှိသည့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများ၊ ကန်ထရိုက်တာ များ၊ လုပ်ငန်းများ၊ လူပုဂ္ဂိုလ်များနှင့် ချုပ်ဆိုထားသည့် သဘောတူစာချုပ်များအားလုံးအား UNOPS/LIFT အဖွဲ့အစည်း အမည်နှင့် ချုပ်ဆိုထားခြင်းဖြစ်ပြီး UNOPS/LIFT မှ စီမံခန့်ခွဲပါသည်။ UNOPS သည် UNDP/UNFPA/UNOPS အလုပ် အမှုဆောင်ကော်မတီ (သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားပြုမှု အပါအဝင်)၏ ကြီးကြပ်မှုဖြင့် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့် ဘဏ္ဍာရေးဆိုင်ရာ ထိန်းချုပ်မှု နည်းလမ်း အများအပြားကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ LIFTနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာနှင့် မမှန်မကန်ဆောင်ရွက်မှုများအား အောက်ပါ နည်းလမ်းများဖြင့် ကိုင်တွယ် ဖြေရှင်းမည် ဖြစ်ပါသည်-

**(က) ကြိုတင်ဟန့်တားမှု - အဖွဲ့အစည်း၏ မူဝါဒနှင့် အညီ လုပ်ဆောင်နိုင်မှု စွမ်းဆောင်ရည်များကို ဆန်းစစ်ခြင်း (Due Dilligence Assessment - DDA)**

ရန်ပုံငွေတာဝန်ခံသည် ရန်ပုံငွေ စီမံခန့်ခွဲမှု တာဝန်ဝတ္တရားများအရ မိတ်ဖက်အဖွဲ့အစည်းများအား ၎င်းတို့ အဖွဲ့အစည်း၏ မူဝါဒနှင့် အညီ လုပ်ဆောင်နိုင်မှု စွမ်းဆောင်ရည်များကို ဆန်းစစ်ခြင်း (DDA)အား ဆောင်ရွက်မည် ဖြစ်ပါသည်။ အဆိုပါ ဆန်းစစ်ခြင်းတွင် ဘဏ္ဍာရေး၊ လုပ်ငန်းလည်ပတ်မှု၊ စီမံအုပ်ချုပ်မှုနှင့် ငွေကြေး စီးဆင်းမှုစနစ်များ၊ ဝန်ထမ်း ခန့်ထားခြင်းနှင့် ဝန်ထမ်း စွမ်းဆောင်ရည်၊ ငွေစာရင်းနှင့် ငွေကြေး စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ၊ စာရင်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အစီရင်ခံတင်ပြခြင်းနှင့် စောင့်ကြည့် စစ်ဆေးခြင်းဆိုင်ရာ စနစ်များ၊ စီမံကိန်း စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုဆိုင်ရာ အစီအမံများ နှင့် သတင်းအချက်အလက် စနစ်များ အပါအဝင် အဖွဲ့အစည်း တစ်ခုအတွင်းရှိ စောင့်ကြပ်ကြည့်ရှုသည့် စည်းမျဉ်းစည်းကမ်းများ ပါဝင်ပါသည်။ ဤ ဆန်းစစ်ခြင်းသည် ရန်ပုံငွေ စီမံခန့်ခွဲမှုရုံးမှ ဆောင်ရွက်မည့် ဆုံးရှုံးရနိုင်ခြေ သတ်မှတ်မှုအတွက် အခြေခံအုတ်မြစ် ဖြစ်ပါသည်။ ရန်ပုံငွေ ထောက်ပံ့မှု ပေးထားသည့် ကာလအတွင်း မိတ်ဖက်အဖွဲ့အစည်း၏ စွမ်းဆောင်ရည် ခိုင်မာ အားကောင်းစေရန် အထူးသဖြင့် ဆုံးရှုံးရနိုင်ခြေမြင့်မားသည့် လုပ်ငန်းနယ်ပယ်များအတွက် အကြံပြုချက်များ (သို့) လိုအပ်ချက်များကို ဤဆန်းစစ်မှုမှ ဖော်ထုတ်ပေးမည် ဖြစ်ပါသည်။ ထွက်ရှိလာသည့် လမ်းညွှန်ချက်များအား အကောင်အထည်ဖော်မှုကို ရန်ပုံငွေ တာဝန်ခံမှ စောင့်ကြည့်လေ့လာသွားမည် ဖြစ်ပါသည်။

**(ခ) မမှန်မကန်လုပ်ဆောင်မှု ကြိုတင်ကာကွယ်ရေး သင်တန်း**

မိတ်ဖက်အဖွဲ့အစည်းများ၊ တဆင့်ခံ ရန်ပုံငွေ လက်ခံရရှိသူများ၊ ကန်ထရိုက်တာများ၊ တဆင့်ခံ ကန်ထရိုက်တာများသည် မမှန်မကန်လုပ်ဆောင်မှုဆိုင်ရာ LIFT ၏ မူဝါဒကို ၎င်းတို့၏ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများအတွင်း ကျယ်ကျယ် ပြန့်ပြန့် သေချာစွာ နားလည်သဘောပေါက်စေရန်အတွက် တာဝန်ရှိသည့်အပြင် အကျိုးခံစားခွင့်ရှိသူများထံ ၎င်းတို့၏ တာဝန်ခံမှုဆိုင်ရာ ကတိကဝတ် တစ်စိတ်တစ်ပိုင်း အနေဖြင့် ဆက်သွယ်အကြောင်းကြားပေးရန်လည်း တာဝန်ရှိပါသည်။ မိတ်ဖက် အဖွဲ့အစည်းများအနေဖြင့် ရန်ပုံငွေ တာဝန်ခံမှ ပံ့ပိုးပေးအပ်သည့် မမှန်မကန် လုပ်ဆောင်မှု ကြိုတင် ကာကွယ်ရေးဆိုင်ရာ သင်တန်းကို မဖြစ်မနေ တက်ရောက်ရန် လိုအပ်ပါသည်။ မမှန်မကန် လုပ်ဆောင်မှုဆိုင်ရာ အခြေအနေများအား လျှော့ချနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော အစီအမံတစ်ခုဖြစ်သည့် ဤသင်တန်းသည် မိတ်ဖက် အဖွဲ့အစည်းများ အားလုံးအတွက် ၎င်းတို့၏ အကျိုးခံစားခွင့်ရှိသူများမှ တုံ့ပြန်မှတ်ချက်ပေးသည့် နည်းလမ်းများ တိုးတက်ကောင်းမွန်စေရန်၊ မမှန်မကန် လုပ်ဆောင်မှု ဖြစ်နိုင်ခြေရှိသည့် လုပ်ငန်းနယ်ပယ် များတွင် အသိပညာ မြှင့်တင်ပေးရန်၊ မိမိ၏ အဖွဲ့အစည်းအတွင်း မမှန်မကန် လုပ်ဆောင်မှုဆိုင်ရာ အခြေအနေများအား ကိုင်တွယ်ဖြေရှင်း သည့် နည်းလမ်းများ ခိုင်မာ အားကောင်းလာစေရန်တို့ အတွက် ရည်ရွယ်ပါသည်။

မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် လိုအပ်သည့် စာရွက်စာတမ်းများအား အပိုင်း (၈) မှ ရယူနိုင်ပြီး မိမိ၏ အဖွဲ့အစည်းအတွင်းတွင် ဖြန့်ဝေရန်အတွက် အသုံးပြုနိုင်ပါသည်။

**(ဂ) စီမံချက် အကောင်အထည်ဖော်သည့် မိတ်ဖက်အဖွဲ့အစည်းများကို ကွင်းဆင်းစစ်ဆေးရာမှ မမှန်မကန် ဆောင်ရွက်မှုများကို စုံစမ်း တွေ့ရှိခြင်း**

လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းဆိုင်ရာ လမ်းညွှန်ချက်တွင် ဖော်ပြထားသည့်အတိုင်း စီမံချက်အားလုံးအား ပုံမှန် ကွင်းဆင်း လေ့လာ ကြည့်ရှုမည် ဖြစ်ပါသည်။ စီမံချက် ကွင်းဆင်းမှုများတွင် ရန်ပုံငွေ ထောက်ပံ့မှု သဘောတူညီချက်၌ ဖော်ပြထားခဲ့သည့် လုပ်ငန်းအစီအစဉ် မူဘောင်အတိုင်း လုပ်ငန်းတိုးတက် အခြေအနေရှိမရှိ၊ လုပ်ငန်းများအပေါ် စီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုများ လုံလောက်မှုရှိမရှိတို့ကို

ဆုံးဖြတ်နိုင်ရန်အတွက် သက်ဆိုင်ရာ နယ်ရုံးခွဲများသို့ သွားရောက်လေ့လာခြင်း နှင့် စီမံချက် ဝန်ထမ်းများနှင့် ဆွေးနွေးခြင်းတို့ ပါဝင်ပါသည်။ ကွင်းဆင်းမှုများမှ တွေ့ရှိချက်များကို LIFT စီမံခန့်ခွဲမှုအဖွဲ့နှင့် မျှဝေပြီး မှတ်တမ်းများအား ကဏ္ဍအလိုက် စနစ်တကျ သိမ်းဆည်းထားမည် ဖြစ်ပါသည်။ နှောင့်နှေးမှုများ၊ လုပ်ငန်းအစီအစဉ်မှ သွေဖည်မှုများ၊ စီမံချက် စီမံခန့်ခွဲရေး အပိုင်းမှ အားနည်းချက်များ (အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ ဝယ်ယူရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ ရန်ပုံငွေ စီးဆင်းမှု၊ ဝန်ထမ်းရေးရာနှင့် အခြားစီမံရေးရာ) အတွက် ရန်ပုံငွေတာဝန်ခံရုံးသည် သက်ဆိုင်ရာ IP ကိုယ်စားလှယ်များနှင့် ဆွေးနွေးမှုများ ပြုလုပ်ရမည် ဖြစ်ပါသည်။ အဆိုပါ အားနည်းချက်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လုပ်ငန်းစနစ်များ ပိုမိုကောင်းမွန်စေပြီး ရန်ပုံငွေ သဘောတူညီချက်တွင် ဖော်ပြထားသည့် လုပ်ငန်းအစီအစဉ်များကိုလည်း ရန်ပုံငွေ၏ အကျိုးဖြစ်ထွန်းမှု၊ စီမံချက် အကျိုးခံစားခွင့်ရှိသူများကို ပံ့ပိုးရာတွင် ထားရှိသည့် ရည်ရွယ်ချက်များနှင့် အညီ လိုအပ်သလို ချိန်ညှိပြင်ဆင်နိုင်ပါသည်။ အလွန်ဆိုးရွားသော အားနည်းချက်များနှင့် လုပ်ငန်းဆောင်ရွက်မှု မရှိခြင်း များအတွက် အသေးစိတ် စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်နိုင်ရန် ရန်ပုံငွေကို ဆိုင်းငံ့ထားနိုင်ပြီး ထိုစုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးနောက် ရန်ပုံငွေ အပြီးသတ် ရပ်ဆိုင်းရန် လိုမလို ဆုံးဖြတ်မည် ဖြစ်ပါသည်။

**(ဃ) အကောင်အထည်ဖော်သည့် မိတ်ဖက်အဖွဲ့အစည်းများ၏ ပြင်ပ စာရင်းစစ်များ**

ကုလသမဂ္ဂ လက်အောက်ခံမဟုတ်သော စီမံချက် အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများကို ပြင်ပစာရင်းစစ် အဖွဲ့ဖြင့် နှစ်စဉ် စစ်ဆေးပါသည်။ အဓိက စစ်ဆေးသည့် နယ်ပယ်များတွင် (က) ထိရောက်မှု၊ စွမ်းဆောင်ရည် ပြည့်ဝမှု၊ ရင်းမြစ်များအား တွက်ခြေကိုက်စွာ သုံးစွဲမှု (ခ) အစီရင်ခံတင်ပြမှု ဆိုင်ရာ ယုံကြည်အားထားရမှု (ဂ) ပိုင်ဆိုင်မှုများအတွက် အကာအကွယ်ပေးမှု နှင့် (ဃ) တရားဥပဒေအတိုင်း လိုက်နာဆောင်ရွက်မှုတို့ ပါဝင်ပါသည်။ စာရင်းစစ် အစီရင်ခံစာများ အားလုံးကို UNOPS ဝက်ဘ်ဆိုဒ် ၏ [အများပြည်သူဖတ်ရှုနိုင်သည့် အစီရင်ခံစာများ] စာမျက်နှာတွင် ထုတ်ပြန်ထားပါသည်။ အကောင်အထည်ဖော်သည့် မိတ်ဖက်အဖွဲ့အစည်းအား အပြည့်အစုံ အကုန်အစင် စာရင်းစစ်ခြင်းဖြင့် အကျိုးထူး မရှိနိုင်သော အချို့အခြေအနေများတွင် (ဥပမာ- ယခင် စာရင်းစစ်ဆေးမှုများတွင် 'စွန့်စားရနိုင်ခြေ မြင့်မားသည်' ဟူသော မှတ်ချက်များ မရှိခဲ့ခြင်း (သို့) ရန်ပုံငွေ ရရှိသည့် သက်တမ်း ကုန်ဆုံးပြီးသား ဖြစ်နေခြင်း) ရန်ပုံငွေ တာဝန်ခံမှ အသုံးစရိတ်များစာရင်းအား စစ်ဆေးအတည်ပြုရန် ညွှန်ကြားနိုင်ပါသည်။

**(င) ရန်ပုံငွေတာဝန်ခံအတွက် စာရင်းစစ်ဆေးခြင်း များ**

ရန်ပုံငွေ တာဝန်ခံအကို UNOPS ရုံးတွင်း စာရင်းစစ်နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ (IAIG) မှ နှစ်စဉ် စစ်ဆေးပါသည်။ ထိုသို့ စာရင်းစစ်ရာတွင် အပိုင်းနှစ်ပိုင်း ပါဝင်ပါသည် - (၁) လက်မှတ်ရေးထိုးထားသည့် ဘဏ္ဍာရေး ဆိုင်ရာ ရှင်းတမ်း နှင့်အတူ စာရင်းစစ် သုံးသပ်ချက်တို့ ပါဝင်သည့် စာရင်းစစ်ဆေးထားသော ဘဏ္ဍာရေး ဆိုင်ရာ ရှင်းတမ်း (၂) စီမံခန့်ခွဲမှု အပိုင်းမှ ပေးစာ (သို့) အစီရင်ခံစာတို့ ဖြစ်ပါသည်။ အလှူရှင်အဖွဲ့များမှ ထည့်ဝင်ထားသော ရန်ပုံငွေ အသုံးပြုမှုနှင့် စပ်လျဉ်း၍ အာမခံနိုင်သည့် နည်းလမ်း တစ်ရပ်အနေဖြင့် စာရင်းစစ်ထားသော ဘဏ္ဍာရေး ဆိုင်ရာ ရှင်းတမ်းများအား အလှူရှင် အဖွဲ့အစည်းများသို့ ပေးအပ်မည်ဖြစ်ပြီး UNOPS ၏ [တာဝန်ယူမှုနှင့်တာဝန်ခံမှုဆိုင်ရာ] စာမျက်နှာတွင်လည်း ထုတ်ပြန် ပေး သွားမည် ဖြစ် ပါသည်။

**၈။ ရင်းမြစ်များ**

https://www.unops.org/about/governance/accountability/iaig – UNOPS ဝက်ဘ်ဆိုက်၊ ရုံးတွင်း စာရင်းစစ်နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့

UNOPS Operational Instruction OI.ED.2018.01 – မမှန်မကန် လုပ်ဆောင်မှုနှင့် အကျင့်ပျက် ခြစားမှုဆိုင်ရာ မူဝါဒ

UNOPS Executive Office Directive Ref. EOD.ED.2024.01 – UNOPS အဂတိလိုက်စားမှုနှင့် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ခြင်းဆိုင်ရာမူဝါဒ

UNOPS Operational Instruction OI.IAIG.2020.01 – UNOPS ဝန်ထမ်းများ အကျင့်ပျက် ခြစားမှု စွပ်စွဲချက်များနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးမှု နှင့် အရေးယူမှုများ

UNOPS Operational Instruction OI.PG.2021.02 – တွဲဖက်လုပ်ကိုင်သူများ (စီမံချက် အကောင်အထည်ဖော်သည့် မိတ်ဖက် အဖွဲ့အစည်းများ/ ကန်ထရိုက်တာများ) အပေါ် ကန့်သတ်ပိတ်ပင်မှုဆိုင်ရာ မူဝါဒများ

LIFT Operational Guidelines – UNOPS/LIFT စီမံချက် မိတ်ဖက်အဖွဲ့အစည်းများ နှင့် ကန်ထရိုက်တာများ (တဆင့်ခံ ရန်ပုံငွေ ရရှိသူများ/ တဆင့်ခံ ကန်ထရိုက်တာများ အပါအဝင်) ၏ မမှန်မကန် ဆောင်ရွက်မှုဆိုင်ရာ သံသယဖြစ်ဖွယ်ကိစ္စရပ်များကို တိုင်ကြားရန်မှာ အားလုံး၏ တာဝန် ဖြစ်ပါသည်။

Speak Up Portal – မမှန်မကန်ဆောင်ရွက်မှုများကို တိုင်ကြားရန် လမ်းညွှန်ချက်များ

UN Open Educational Resource အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး၊ ကျင့်ဝတ်နှင့် ရိုးဖြောင့်မှန်ကန်ခြင်းဆိုင်ရာ UN ၏ အသိပညာပေး ရင်းမြစ်များ

လုပ်ဆောင်ရမည့် တာဝန် ဝတ္တရားများနှင့် အကျိုးဆက်များနှင့် စပ်လျဉ်း၍ ဝန်ထမ်းများအားလုံးကို သတိပေးရန်အတွက် အလားတူ ဖြစ်ခဲ့ဖူးသည့် ကိစ္စရပ်များ (သို့မဟုတ်) ဖြစ်လာနိုင်ခြေရှိသည့် ကျင့်ဝတ်ဆိုင်ရာ ပဋိပက္ခ အခြေအနေများ အပေါ် အခြေခံပြီး နမူနာ ဖြစ်နိုင်ခြေ တစ်ခုအဖြစ် တည်ဆောက်ကာ မမှန်မကန် လုပ်ဆောင်မှုများကို ကြိုတင် ကာကွယ်ခြင်းနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲများကို အဖွဲ့အစည်း တစ်ခုချင်းစီအလိုက် ကျင်းပလုပ်ဆောင်ကြရန် ရန်ပုံငွေ တာဝန်ခံမှ အကြံပြုထားပါသည်။

***

ဤစာတမ်းသည် မူရင်း အင်္ဂလိပ် ဘာသာဖြင့် ရေးသားထားသော "ယုံကြည်အပ်နှံမှုဆိုင်ရာ အမှားအယွင်းဖြစ်နိုင်ခြေ နှင့် မမှန်မကန် ဆောင်ရွက်မှုများအတွက် အသက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ၏ မူဝါဒ" ကို ဘာသာ ပြန်ဆိုထားခြင်း ဖြစ်ပါသည်။ အင်္ဂလိပ် နှင့် မြန်မာဘာသာ အကြား ကွဲလွဲမှု တစုံတရာရှိသည် ဖြစ်သော်၊ မူရင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည် ကိုသာ ရည်ညွှန်းရပါမည်။"